
# ဆုမြတ်မွန်မွန်

## ချစ်ခြင်း၏ဟာန်ဆောင်ခြင်းအတတ်ပညာ



# အခန်း(၁)

ပြောရမယ်ဆိုလျှင် သူ့ကို စတင်ပတ်သတ်ခဲ့သည် မှာ ခေတ်ရဲ့ နမော်နမဲ့နိုင်သော အကျင့်ကြောင့်သာ ဖြစ်သည် ။ ထို အကျင့်ကို ဘယ်လောက်ပဲ သတိထားကာပြင်ပြင် သတိလွတ်သည် နှင့် တစ်ပြိုင်နက် ခေတ်ကို ဒုက္ခပေးတော့တာပင်။ ခေတ်သည် လည်း ထိုအကျင့်ကို မကြိုက်လှပါ။ သို့သော် ခေတ်ဟာ ဘယ်လို နက္ခတ်နှင့် ယှဉ်၍ မွေးလာသလဲတော့ မပြောတတ်ချေ။

တစ်နေ့တွင် တစ်ခါလောက်တော့ လွဲချော်တတ်ရပါသည် ။

ထိုနေ့ကတော့ မှတ်မှတ်ရရ သတိလေးတစ်ချက် လွတ်တာနှင့် ပြဿနာ တစ်ရပ်ကို ဖန်တီးမိတာပင်..။

အိမ်ကနေ၍ ဆေးတက္ကသိုလ် (၂)ကို ထွက်လာကာ ဟိုရောက်သည် အထိ အဆင်တပြေပြေ ချောချောမောမောပဲ ဖြစ်သည် ။ ခေတ်ရဲ့ သူငယ်ချင်းတွေ ရှိရာ ဆေးကျောင်းကို အလည်သွားဖို့ ထွက်လာခဲ့သော ခေတ်ဟာ ကျောင်းထဲသို့ ရောက်လာသော်လည်း ဘယ်ကို ဆက်ရမှန်းမသိ။

တွေ့လား...။ ဘာလုပ်လုပ် မသေချာသော ခေတ်ရဲ့ အလွဲတစ်ခု စတင်ပြီ။ ကားကို ဘေးလိုမ့်ရုံ မောင်းရင်း အကြံအိုက်နေတုန်းမှာ ပင် ခေတ်ရဲ့ ဖုန်းလေးက ထမြည်၍ လာသည် ။

"အေး.. ပြော..."

သူငယ်ချင်းဖြစ်သူ ယုမီထံကမို့ ခေတ်က ခပ်တည်တည်ပင် ပြောလိုက်သည်။

"အံမယ်.. လေသံက အထက်စီးနဲ့ .. အခု နင်ဘယ်မှာ လဲ"

"ငါလား နင်တို့ ကျောင်းပေါက်ဝမှာ ပေ့ါဟဲ့... ဟဲ့.. နင်တို့ က ဘယ်မှာ လဲ... ငါဘယ်ကို လာခဲ့ရမှာ လဲ.."

"သိနေတယ်လေ... နင်ကူရာ ကယ်ရာမဲ့ ဖြစ်နေမှန်းသိလို့ လှမ်းခေါ်လိုက်တာ.. ငါတို့ ကင်န်တင်းမှာ နင့်ကို စောင့်နေတယ်.."

"အေး.. ကင်န်တင်းကို မလာတတ်ဘူး"

"ပြောပ့ါမယ်.. အခု နင်အပေါက်ဝနားမှာ နော်... အေး၊ ဘယ်ကို ချိုးလိုက်"

"ဟုတ်ပြီ... ဟုတ်ပြီ.. အဲ့လို လေးမှ ပေ့ါ..."

ယုမီ လမ်းညွှန်သည့်အတိုင်း ခေတ်က မောင်းလာခဲ့သည် ။ စကားတပြောပြောဖြင့် အရှန်းလေးပါဖောက်လျက် တစ်ချက်တစ်ချက် တဟားဟားပင် အော်ရယ်နေသော ခေတ်ဟာ သတိတစ်ချက် အလွတ်မှာတော့ လူတစ်ယောက်ကို တိုးမိတော့သည်။

အကျင့်ရှိသော ခြေထောက်တွေဟာ ဘရိတ်ရော ကလပ်ရောကိုပါ ပိုင်ပိုင်နိုင်နိုင် ဆွဲအုပ်နိုင်လိုက်၍ သာ ဘာမှ ဖြစ်မသွားခြင်း ဖြစ်သည်။

"အမယ်လေး... ဘုရားလားလား.. တော်ပါသေးရဲ့ ... ဒုက္ခပါပဲ"

"ဟဲ့.. ခေတ်.. ဘာဖြစ်တာလဲ"

"ဒီမှာ .. ဒီမှာ .. လူတစ်ယောက်ကို တိုးမိသွားလို့ .."

ခေတ်သည် ဖုန်းကိုလည်း မပိတ်သေးဘဲ ကားတံခါးကို ဖွင့်ကာ ဆင်းလျက် လဲကျနေသော ကောင်လေးထံသို့ ပျာတိပျာယာ ပြေးသွားရသည်။

တစ်ဖက်မှ ယုမီက စိုးရိမ်သည့် လေသံဖြင့်..

"ဟယ်.. ခေတ်ကတော့ လုပ်ပြန်ပြီ... ဘာဖြစ်သွားသေးလဲ"

"မသိဘူး.. ငါလည်း ခုမှ ကြည့်ရမှာ .. ကဲ... ဖုန်း ပိတ်ပြီ"

ခေတ်သည် လဲကျနေသော ကောင်လေးရဲ့ အနားတွင် ဆောင့်ကြောင့် ထိုင်ကာ သူ့ကို မဝံ့မရဲ ကြည့်ရင်း...

"ဟို.. ဘယ်နားထိသွားလဲဟင်.. ဘာမှ မဖြစ်ဘူး မဟုတ်လား"

သူက နာကျင်မှုကို အောင့်ခံနေသော မျက်နှာဖြင့် ခေတ်ကို မော့ကြည့်သည်။ အဲဒီ အခိုက်တွင် ခေတ်ရဲ့ ရင်ထဲ၌ ဘယ်လို ဖြစ်သွားမှန်း မသိချေ။ သူကြည့်သော အကြည့်က ရိုးရိုးလေးမျှသာ ဖြစ်သည်။ ဝေဒနာ ခံစားနေရသည့်ကြားမှ သူ့ကို ဒုက္ခပေးသည့် သူကို ဘယ်သူလဲဟု စူးစမ်းသော အကြည့်မျှသာ...။

သို့သော် အဲဒီ အကြည့်ကိုပင် ခေတ်ဆွဲထင်သွားခဲ့ပါသည်။

"ဘာမှ မဖြစ်ပါဘူး... ခင်ဗျား ဘယ်လိုလုပ်မောင်းလာတာလဲဗျာ.. ဖုန်းပြောရင်း မောင်း လာပြီး သတိလည်း နည်းနည်းမှ မရှိတာတော့ လွန်လွန်းတယ်... ကျွန်တော့်ဆီ တည့်တည့်ကြီးကို ဝင်လာတာ... ခုန်သာ မရှောင်ရင် တိုက်မိပြီပဲ... ခုန်ရှောင်လိုက်တော့လည်း လဲပြီး တံတောင်ဆစ်တွေ ပွန်းကုန်တာပေါ့..."

သူက ဆူသလို မာန်သလို ပြောတာကို ခေတ်က နှုတ်ခမ်းထောင့်စွန်းလေးတွေ ကော့အောင်ပြုံးကာ နေမိသည်။ ဝင်းဝါဆိုပြေ လ

တ်ဆတ်သော သူ့ရဲ့ အသားအရည်မှာ တံတောင်ဆစ် လက်ဖျံစသည် တို့တွင် ပွန်းရာပဲ့ရာတွေဖြင့် သွေးတွေ စို့ကာ နေလေသည် ။

"ခေတ်.. တောင်းပန်ပါတယ်ရှင်.. ဟို.. ထနိုင်လားဟင်... ခေတ်ကို တွဲပြီး ထပါလား.."

"နေပါစေ.. ထနိုင်တယ်"

တခြားသူ တစ်ယောက်ယောက်သာဆို အခွင့်အရေး ယူကောင်း ယူမည် ဖြစ်သော်ငြား သူကတော့ သူ့ဘာသာပင် ဖုန်ဖက်ခါကာ ထလေသည် ။ ခေတ်က သူ့ရဲ့ ကျောပိုးအိတ်၊ စာအုပ် စတာတွေကို ကောက်ယူပေးကာ စာအုပ်မှာ ထိုးထားသော သူ့နာမည်ကိုလည်း ခိုးကြည့်လိုက်သေးသည် ။

နာမည်လေးကလည်း ချစ်စရာ ကောင်းလိုက်တာ။

"ခေတ်.. တောင်းပန်ပါတယ်နော်... ဒဏ်ရာတွေ ရရဲ့ လားဟင်.. ဆေးခန်းသွားမလား"

"မလိုပါဘူး"

သူက ခပ်တည်တည်ပြောကာ ကျောပိုးအိတ်လွယ်လျက် စာအုပ်တွေကို ဆွဲယူကာ လှည့်ထွက်သွားဖို့ ပြင်သည် ။

"အဲ.. သွားတော့မလို့ လား... ဘယ်နားကို သွားမှာ လဲဟင်.. ကားနဲ့ လိုက်ခဲ့ပါလား.. အတန်းရှေ့ထိ ခေတ်လိုက်ပို့ပေးပါ့မယ်..."

သူက ခေတ်ကို အဓိပ္ပာယ်ပါသော မျက်ဝန်းများ ဖြင့် လှည့်ကြည့်ကာ ..

"ခင်ဗျားသာ နောက်ထပ် ဘယ်သူ့ကိုမှ ထပ်မတိုက်မိအောင် ဂရုတစို

က်မောင်းသွားပါ... ကိုယ့်ရဲ့ ပေါ့ဆမှုကြောင့် သူများ ဒုက္ခရောက်ရရင် မကောင်းဘူးပေါ့.."

သူက ခေတ်ကို ဆုံးမသလိုလို မကျေနပ်သလိုလိုဖြင့် ပြောကာ ထွက်သွားလေသည် ။ ခေတ်သည် ခါတိုင်းဆိုလျှင် ပုခုံးနှစ်ဖက်တွန့်ကာ ဘာမဆိုကို ချက်ချင်း မေ့ပစ်နိုင်သော်လည်း ဒီတစ်ခါတော့ အဲဒီလို မဟုတ်ချေ ။

သူ့ကျောပြင်ကို ငေးကာ ကျန်ရစ်နေခဲ့ရသည် ။ ပုခုံးတွန့်ဖို့ ကိုလည်း သတိမရအား..၊ ဘာကိုမှ လည်း သတိမရတော့တာ ဖြစ်သည် ။ ထိုခဏ၌ ခေတ် ဘာဖြစ်သွားသည် ဆိုတာ ခေတ်ကိုယ်ခေတ်ပင်လျှင် မသိချေ။

သေချာတာတော့ ရှင်းသန့်သည့် ဥပတိရုပ်လေးနှင့် တည်တည်ခန့်ခန့်ကောင်လေးကို ခေတ် စွဲငြိသွားတာ ဖြစ်သည် ။ မျက်မှန်ကြည်ကြည်လေးအောက်မှာ ထက်မြက်စူးရှသည့် မျက်ဝန်းများကို ခေတ်မေ့မရနိုင်တော့..။

ဘုရားရေ.. ခေတ်ရဲ့ ဘဝမှာ ဒါဟာ ပထမဆုံးပါပဲလား။

"ဟယ်.. ခေတ်.. မတ်တတ်ကြီးရပ်ပြီး ဘာကြောင်ကြည့်နေတာလဲ.. နင်တိုက်တဲ့ လူရော ဘယ်မှာ လဲ... ဘာဖြစ်သွားသေးလဲ.. ခေတ်ရယ်... နင်ကတော့လေ ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ.."

ခေတ်ရဲ့ သူငယ်ချင်းနှစ်ယောက်က စိုးရိမ်ပူပန်မှု အပြည့်ဖြင့် ရောက်လာကြတော့မှ ပင် ခေတ်ဟာ သတိပြန်ကပ်လာခဲ့တော့တာ ဖြစ်သည် ။

"ဘာမှ မဖြစ်ပါဘူးဟာ.. တံတောင်ဆစ် ပွန်းရုံလောက်ပါပဲ.."

"ဟင်း.. တော်သေးတာပေါ့.. ကဲ... ကဲ.. လာ အမိ၊ ကားပေါ်တက်...

ရှင်မမောင်းနဲ့ .. ကျုပ်ပဲ မောင်းမယ်၊ ဒေါ်ခေတ္တရာတို့ ကတော့နော်.. ပထမဆုံးနေ့မှာ တင် ဈေးဦးစဖောက်တယ်..."

ခေတ်သည် အရင်လို သူတစ်ခွန်း ကိုယ်တစ်ခွန်းပင် ပြောဖို့ သတိမရဘဲ နှုတ်ဆိတ်၍ အသာပြုံးကာ လိုက်ပါလာသည် ။ ခေတ်ရဲ့ မျက်လုံးထဲတွင် သူ့အရိပ်ကား ထွက်ကို မထွက်သေးချေ။

တခြားကောင်လေးတွေရဲ့ ဝတ်ပုံစားပုံ တွေနဲ့ မတူလှပဲ စပို့ရှပ်နဲ့ စတိုင်ပန်ကို သပ်သပ်ရပ်ရပ် တွဲဝတ်ထားသော သူ့ပုံစံလေးဟာ မြင်တာနှင့် ဆေးကျောင်းသားလေးမှန်း သိသာစေသည် ။

ဆေးကျောင်းသားတဲ့ ..။ သူဟာ ခေတ်ရဲ့ စိတ်ကူးထဲက ချစ်သူပုံရိပ်နဲ့ တစ်ထပ်တည်း ကျရုံသာမက သာတောင် လွန်ထွက်နေတာပါပဲ။

သူ့အကြောင်းတွေ တွေးလာသော ခေတ်ဟာ ကင်န်တင်းရောက်တာတောင် ရောက်လို့ ရောက်မှန်း မသိချေ။

"ဟဲ့.. ခေတ်.. ဆင်းလေဟယ်.. နင် ဘာဖြစ်နေတာလဲ..."

"ဟုတ်ပ့ါ.. သာလိကာမက ငြိမ်သက်နေတယ်... ဘာဖြစ်လာတာလဲ.. ပုံစံက မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့နဲ့ .."

သက်ထားကပါ ခေတ်ကို မျက်မှောင်ကြုတ်ကာ မေးလေသည် ။ ခေတ်သည် ဆေးကျောင်းရဲ့ ကင်န်တင်းကို တစ်စေ့တစ်စောင်း အကဲခတ်ကာ ကားပေါ်မှ ဆင်းရင်း...

"အေး... မောင်မောက်ကတော့ မင်းသမီးလေးကို ချူပ်ညနေတွင် ကျွန်ုပ်မြင်သည် ရွှေရင်ဖုံးတို့ မဖုံးတုံ့တဲ့ .. ဩော် ကဗျာစပ်ရမယ် ဆိုရင်တော့ မိုးသောက်ချိန်တွင် ခေတ္တရာမြင်သည် ပုံစံလှလှ စိတ်ဝင်စားဖို့ကောင်းစွ.. အဟိ.. ဟိ..."

ချက်ချင်းပင် ခေတ်က အရင်ပုံစံ ပြန်ဖြစ်ကာ မြူးဖျလာသည် ။ ယုမီနှင့် သက်ထားသည် ခေတ်ကို မသင်္ကာသလို ကြည့်ကာ…

"ဟွန်း.. မိန်းမက မြင်ရတာ တယ်အချိုးမပြေလှဘူး.. ချက်ချင်းလက်ငင်းကို ဘာဖြစ်လာတာလဲ… ပုံစံက လေထဲမျောနေတဲ့ ဒီဇိုင်းနဲ့ …"

ခေတ်သည် ယုမီကို ချစ်စနိုးဖြင့် မျက်စိတစ်ဖက် မှိတ်ပြကာ စားစရာတွေ အရင်မှာ သည် ။ ခေတ်ရဲ့ အကဲပိုလှသော ပုံစံကို မသင်္ကာဖြစ်နေကြသော မိန်းမနှစ်ယောက်ကတော့ ခေတ် ဘာဖြစ်လာတာလဲဆိုတာကို အသေအကြေ သိချင်နေပုံပင်။

"ကဲ… ပြောစမ်းပါ… ဘယ်သူနဲ့ တွေ့ခဲ့တာလဲ.."

"ငါ.. ကောင်လေးတစ်ယောက်ကို ကားနဲ့ တိုးမိခဲ့တာဟ၊ ဆေးကျောင်းသားလေ.."

"ဟွန်း.. မိန်းမ.. နင် ဇာတ်လမ်းလုပ်လာတာပေါ့ ဟုတ်လား.."

"အေးလေ… အဲကြံဆိုးကြီးနဲ့ လာလည်တာပေါ့.."

ခေတ်ရဲ့ သူငယ်ချင်းမနှစ်ယောက်က.. ခေတ်ရဲ့ အကြောင်းကို သိစွာနှင့် ရှုံ့မဲ့ကာ ပြောကြသည် ။ ခေတ်နှင့် ယုမီ၊ သပ်ထားတို့ ဟာ အလယ်တန်းကျောင်းသူဘဝထဲက အင်မတန် ချစ်ခင်ခဲ့ကြသော သူငယ်ချင်းများဖြစ်ကာ စာတော်တာခြင်းလည်း တူ.. ရည်မှန်းချက် ထားတာခြင်းလည်း အတူတူပင်..

ခေတ်တို့ သုံးဦးလုံးဟာ ဆရာဝန်ဖြစ်ဖို့ အတော့်ကို ရည်မှန်းချက်ထားခဲ့တာ ဖြစ်သည် ။ ထားသည့်အတိုင်းလည်း ကြိုးစားခဲ့သည် ။ သို့သော် ကံတရားရဲ့ မျက်နှာသာပေးမှုကို မခံရသော ခေတ်ဟာ စာမေးပွဲ နောက်ဆုံးနေ့မှာ အပြင်းအထန်ဖျားခဲ့ပြီး နောက်ဆုံး တစ်ဘာ

သာကို ကောင်းကောင်း မဖြေနိုင်ခဲ့ချေ။

အဲဒီအချိန်တုန်းကတော့ ခေတ်ဟာ တော်တော်ကို ခံစားခဲ့ရတာ ဖြစ်သည် ။ ဒါပေမဲ့လည်း နဂိုဗီဇ ဓာတ်ခံက ပျော်တတ်သူ၊ အရာရာကို ကြာရှည်စွာ မခံစားတတ်သူမို့ ဒဏ်ရာကြီးရယ်တော့ ဖြစ်မနေခဲ့...။

နောက်တော့ ခေတ်ရဲ့ လက်သုံးစကားတွင် လေဒီဒေါက်တာ မဖြစ်လည်း ဒေါက်တာလေဒီ ဖြစ်ရမှာ ပေါ့ ဟူသော စကားတစ်ခုက တွင် ကျယ်လာခဲ့တော့တာ ဖြစ်သည် ။

"ငါတွေ့ခဲ့တဲ့ ကောင်လေးက အရမ်းကြီး မချောဘူးဟဲ့.. ဒါပေမဲ့ ဘယ်လို ပြောရမလဲဟယ်... သူ့ပုံစံလေးက အရမ်းသန့်တယ် သိလား.. တကယ့် ဆရာဝန်ရုပ် ပေါက်နေတာ...ငါက နင်နဲ့ ဖုန်းပြောရင်း မောင်းလာတာ.. သူ့ကို မမြင်ပါဘူး.. အကွေ့မှာ သတိမထားဘဲ ကွေ့လိုက်တာ ကားခေါင်းက သူ့စီ တည့်တည့်ပြေးသွားရော.. သူက ခုန်ရှောင်တာ ဆရာ..ဧကန္တ ညတိုင်း သိုင်းကားတွေ ကြည့်ထားပုံ ရတယ်... အဟား.. ဟား.. သနားပါတယ်ဟာ... တံတောင်စစ်တွေမှာ ပွန်းပဲ့ သွားတာများ ငါ စိတ်တောင် မကောင်းဘူး သိလား"

ခေတ်ရဲ့ တမ်းတမ်းတတ ပြောပုံကို ယုမီက မျက်စောင်းတစ်ချက် ပိတ်ထိုးသည် ။

"ခေတ်တို့ ကတော့ ရောဂါထ လာပြီ... ကဲ.. ဆက်ပါဦး၊ ဇာတ်လမ်းက ဘာဆက်ဖြစ်လဲ.. နင်က တောင်းပန်.. သူက ရပါတယ်ပြော...ဒါနဲ့ ပဲ ဆက်ရန်ဖြစ်သွားတယ်ပေါ့.. ဟုတ်လား"

သက်ထားရဲ့ စကားကို ခေတ်သည် တဟားဟား ရယ်မောလျက် ခေါင်းကိုသာ ခါယမ်းပြလေသည် ။

ခေတ်သည် ကိုယ့်ကိုယ်ကိုယ်မို့ ပြောသည် မဟုတ်ချေ။ ခေတ်ကို မြင်လိုက်သော ယောကျ်ားဆယ်ယောက်၌ ခုနစ်ယောက်သည် လည်ပြန် လှည့်မကြည့်ဘဲကို မနေနိုင်ကြ..။ ကျန်သော သုံးယောက်ကမူ အနားမှာ ရည်းစားပါလာလို့ ပဲ ဖြစ်ဖြစ် ရေးကြီးခွင်ကျယ် ကိစ္စ ရှိနေလို့ ကြောင့်ပဲ ဖြစ်ဖြစ် မကြည့်အားကြခြင်း ဖြစ်သည် ။

ခေတ်ရဲ့ ပုံစံသည် ချောသည် လှသည် ဆိုတာထက် စတိုင်လ်ကျခြင်းကြောင့် ဒီဇိုင်းတွေကား မျက်စိမလွှဲချင်စရာကြောင့် ပဲ ဖြစ်သည် ။

ငါးပေရှစ်လက်မရှိသော အရပ်အမောင်းနှင့် လိုက်ဖက်ညီသော ခပ်ထွားထွားကိုယ်လုံးဟာ မြင်သည့် ပုရိသတိုင်းကို မစွဲဆောင်ပဲ မနေနိုင်ချေ။ လမ်းလျှောက်ပုံ၊ စကားပြောပုံတွေဟာ တစ်ဖက်သားကို ပြေးဖက်မတက် ကပိုကရို ဆန်ပုံတွေကြောင့်လည်း အများက ပိုသတိထားမိစရာဖြစ်၏။

ခေတ်နှင့် မဖွဲ့မကျချင်သော ယောကျ်ားဟူ၍ မရှိချေ။ ခေတ်ကို မြင်သော ယောကျ်ားတိုင်းဟာ ကြီးကြီးငယ်ငယ် အဖွဲ့ကျကာ ခင်မင်ချင်တာ ချည်းပင်။

သူနှင့်ကျမှ "မလိုပါဘူး"တဲ့ ။ ခေတ်ကို ခပ်တင်းတင်း ဆက်ဆံသွားသော ကောင်လေးကို မေ့မရတော့ချေပြီ။

"သိပ်တည်တဲ့ ယောကျ်ားတစ်ယောက်ပါဟာ... သူ ဘယ်သူလဲ မသိဘူးနော်.. ငါသူနဲ့ ထပ်ဆုံချင်သေးတယ် သိလား.. အမလေး... သူက ငါ့ကို ဆုံးမသွားသေးတယ် ဆရာ.. ကိုယ့်ရဲ့ ပေါ့ဆမှုကြောင့် သူများ ဒုက္ခရောက်ရရင် မကောင်းဘူးပေါ့တဲ့ ... သူ ငါ့ကို တင်းသွားပုံပဲဟဲ့... သူ ဘယ်အတန်းကလဲ မသိဘူးဟယ်..."

ခပ်တိုးတိုးညည်းကာ ပေါက်စီ တစ်လုံးကို ပလုတ်ပလောင်းစ၍ စား

သော ခေတ်ကို သူငယ်ချင်းများက "ရောဂါ"ဟု ဝိုင်း၍ အော်ကြလေသည် ။

ခေတ်သည် နက်စ်ကို တစ်ငုံငုံလိုက်၊ ပေါက်စီဝါးလိုက် ရှိနေသားမှ ...

"သူ့နာမည်တော့ ငါသိခွင့်ရခဲ့ပါတယ်ဟ... နာမည်နဲ့ လူနဲ့ က အရမ်း match ဖြစ်တယ်.. သုစင်ကြယ်တဲ့ ..."

"သုစင်ကြယ်..."

ယုမီနှင့် သက်ထားက ထိုနာမည်ကို ခပ်တိုးတိုးရေရွတ်ကာ စဉ်းစားထားသလို တစ်ချက်ငြိမ်သွားကြသည် ။

"သုစင်ကြယ် ဟုတ်လား.. တို့ နှစ်မှာ တော့ မကြားဖူးဘူးဟ... ဟဲ့... ငါတို့ လည်း ခုမှ ရောက်တာ ဘယ်သိဦးပဲ့မလဲ... ဖြည်းဖြည်းပေါ့ဟာ... ဆေးကျောင်းက ကျဉ်းကျဉ်းလေးပါ... ဒီကျောင်းက သေချာရင်တော့ ဒင်း ပြေးမလွတ်ပါဘူး..."

"အမယ်လေး... ပြောပုံက ကျောချမ်းစရာ.. ဒါပဲနော်... နင်တို့ မြင်ရင် လုံးဝကြွေမသွားရဘူး.. အဲဒါ ကျွန်ုပ်၏ မူပိုင်ပစ္စည်း ချိတ်ပိတ်ပြီးသား... ဟဲ.. ဟဲ.."

ခေတ်ရဲ့ အပြောကို ယုမီက ပါးစပ်လှုပ်ရုံ ကျိန်ဆဲသည် ။ သက်ထားက ခေတ်ကို ပြုံးစစဖြင့် မေးသည် မှာ ..

"ခေတ်.. ရှင် သူ့ကို တကယ် heart ထိသွားတာလား"

ခေတ်သည် မျက်လုံးထဲ၌ သူ့ပုံလေးကို ပြန်မြင်ယောင်လာကာ ချက်ချင်း မဖြေသေးဘဲ စားမြဲ့ပြန်ကာ ပြုံးနေသေးသည် ။

"ဟုတ်တယ်.. သူ့ကို ငါheart ထိသွားတယ်.. သူက ငါ သဘောကျတဲ့ ပုံစံမျိုးပဲ.. မိန်းကလေး ချောချောမြင်ရင် ချက်ချင်း အဖွဲ့ကျလိုစိတ် မရှိဘူး.. နောက် အရမ်းတည်တံ့တယ်.. အေးဆေးတယ်... ဝတ်စုံစားပုံက လူကြီးလူကောင်းဆန်ပြီး သပ်ရပ်တယ်.. အရွယ်နဲ့ မမျှအောင် ရင့်ကျက်မှုရှိတယ်... ပြီးတော့ ဆရာဝန်လောင်းလေးလည်း ဖြစ်တယ်... ကဲ.. ဘာလိုသေးလဲ.."

"မလိုပါဘူး.. တို့ ကျောင်းသာ ရေထဲမျောသွားမှာ စိုးရိမ်ရတာပါ.."

သက်ထားရဲ့ ခနဲ့ တဲ့ တဲ့ စကားကို ခေတ်က ဘာမှ ပြန်မချေပဘဲ ရယ်လို့ သာ ရယ်နေမိသည် ။

ထင်မှတ်မထားပါဘူးကွယ်။ အမှတ်တမဲ့ ကိစ္စလေးတစ်ခုကနေ သူဟာ ခေတ်ရဲ့ ရင်တွင်းကို တိတိကျကျကြီး ဝင်ရောက်လာလိမ့်မယ်လို့ ... ။

ဒီလို ခံစားချက်မျိုး ခေတ်ရဲ့ တစ်သက်မှာ ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူးချေ။ ခေတ်ကို ချစ်ခင် ပိုးပန်းသော အမျိုးကောင်း ရိုးကောင်း ကောင်လေးတွေ အများကြီး ရှိပေမဲ့ ခေတ်ဟာ ဘယ်နဲ့ မှ မနေခဲ့။ ရင်ခုန်ခြင်းလည်း မရှိခဲ့။ အားလုံးကို ဘော်ဒါအဖြစ်သာ လက်ခံခဲ့သည် ။ မသိလျှင် ခေတ်ဟာ ယော်ကျားလေး အပေါင်းများ လွန်းသော ခပ်ကဲကဲ ကောင်မလေးဟု ပင် ထင်ချင်စရာ။

ဘယ်သူတွေ ဘာပြောပြော ဘာကိုမှ ဂရုမစိုက်ခဲ့သော ခေတ်သည် တစ်စုံတစ်ယောက်ကိုတော့ မြင်မြင်ချင်းမှာ ပင် ဂရုတစိုက်နှင့် ငြိတွယ်လို့ သွားခဲ့တော့တာ ဖြစ်ပါသည် ။

***